# ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း လူ့အခွင့်အရေးအခြေအနေ

# အနှစ်ချုပ် ခြုံငုံတင်ပြချက်

လစဉ်ထုတ်ဝေမှု အမှတ်စဉ် (၆)
ပထမအကြိမ်၊ စက်တင်ဘာလ၊ ၂၀၂၄

# နိဒါန်း

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်တွင် မြန်မာစစ်တပ်က နိုင်ငံအာဏာကို တရားမဝင်သိမ်းယူခဲ့ပြီးနောက် နိုင်ငံတဝန်းလုံး၌ နိုင်ငံရေးအကြမ်းဖက်မှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ နိုင်ငံရေးကိုအခြေခံကာ ဆက်စပ်ဖြစ်ပေါ်လာသည့် လူမှုရေး၊ စီးပွားရေး ပြိုကျပျက်စီးမှုများစွာ တောက်လျှောက်ဖြစ်ပေါ်လာခဲ့သည်။ ၂၀၂၁ ဖေဖော်ဝါရီလနောက်ပိုင်း မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများစွာက မှတ်တမ်းတင်ဖော်ပြလျက်ရှိနေသည်ကို မိမိတို့ သတိပြုမိသည်။

အဓိကာရအဖွဲ့သည်လည်း လူ့အခွင့်အရေးအဖွဲ့တခုအနေဖြင့် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်၍ အနှစ်ချုပ်ခြုံငုံတင်ပြချက်များ လစဉ်ရေးသားထုတ်ပြန်လျက်ရှိသည်။ အဆိုပါလေ့လာသုံးသပ်ချက်ကို တလအတွင်းထွက်ရှိသော ပြည်တွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ မြန်မာ့လူ့အခွင့်အရေးဆိုင်ရာ သုတေသနနှင့် လေ့လာသုံးသပ်ချက် အစီရင်ခံစာများနှင့် အမှီအခိုကင်းသောသတင်းမီဒီယာများ၏ မြန်မာ့လူ့အခွင့်အရေးဆိုင်ရာ သတင်းမှတ်တမ်းဖော်ပြချက်များကို အခြေခံ၍ အပိုင်းနှစ်ပိုင်းခွဲ၍ လအလိုက်ရေးသားပြုစုခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်၍ အဓိကာရမှ ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း ထွက်ရှိသော အဖွဲ့အစည်း ငါးခု၏ အစီရင်ခံစာလေးစောင်နှင့် သတင်းမီဒီယာ ခုနစ်ခု၏ သတင်း/ဆောင်းပါး အပုဒ်ရေ ၆၅၀ ခန့်ကို အဓိကာရမှ စုဆောင်းလေ့လာ၍ အနှစ်ချုပ်ရေးသားထားသည်။ ဩဂုတ်လအတွင်း အနှစ်ချုပ် လူ့အခွင့်အရေး အခြေအနေနှင့် ပတ်သက်၍ အဓိကတွေ့ရှိရသော ခေါင်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

## ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း လေ့လာတွေ့ရှိရသော လူ့အခွင့်အရေးအစီရင်ခံစာများ

၁။ AA ၏ အစအနဖျောက်ပစ်ခြင်း၊ လူသတ်ခြင်းနှင့်ပတ်သက်၍ ထုတ်ပြန်သော မေယုဒေသ – လူ့အခွင့်အရေးမှတ်တမ်းတင်ရေးစင်တာ(MHRDC) ၏ အစီရင်ခံစာ

၂။ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) မှ ထုတ်ပြန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုနှင့်ပတ်သက်သည့် တွေ့ရှိချက်များ

၃။ အိန္ဒိယနိုင်ငံတွင် ဖမ်းဆီးထိန်းသိမ်းခံထားရသော မြန်မာစစ်ပြေးဒုက္ခသည်များ၏ အခြေအနေနှင့် ပတ်သက်သော အစီရင်ခံစာ

၄။ ကရင်နီပြည်လူငယ်များသမဂ္ဂ မှ ထုတ်ပြန်သည့် ကရင်နီပြည်တွင် ၂၀၂၄ ခုနှစ်အတွင်း ဖြစ်ပွားလျက်ရှိသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်သည့် အစီရင်ခံစာ

၅။ ကရင်နီပြည် စစ်ဘေးရှောင် IDPs များ၏ သတင်းအချက်အလက် ရယူခြင်းဆိုင်ရာ လိုအပ်ချက်များနှင့် စပ်လျဉ်းသော အစီရင်ခံစာ

## ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း လေ့လာတွေ့ရှိရသော လူ့အခွင့်အရေးဆိုင်ရာ သတင်းမှတ်တမ်း ဖော်ပြချက်များ

၁။ စစ်မှုထမ်းဥပဒေ တွင် အသက်အရွယ်ဖော်ပြချက်အရ အကျုံးဝင်သည့် အမျိုးသားများကို နယ်စပ်မှပြည်ပထွက်ခွာခွင့် ပိတ်ပင်ခြင်း

၂။ စစ်ကိုင်းတိုင်း၊ ကြွယ်ပုံရွာအနီး တိုက်ခိုက်မှုအတွင်း အရပ်သားအမျိုးသမီးများ သေဆုံးမှု

၃။ သဘာဝဘေးနှင့် ကြုံတွေ့နေရချိန်တွင် အကူအညီပေးရေးထက် သန်းခေါင်စာရင်းကောက်ခံရေးကိုသာ ဦးစားပေးနေသော စစ်ကောင်စီ

၄။ စစ်ကောင်စီ၏ အရှိန်မြှင့်တင်လာသော လေကြောင်းတိုက်ခိုက်မှု ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း လေ့လာတွေ့ရှိရသော လူ့အခွင့်အရေးအစီရင်ခံစာများ

# ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း လေ့လာတွေ့ရှိရသော လူ့အခွင့်အရေးအစီရင်ခံစာများ

### ၁။ AA ၏ အစအနဖျောက်ပစ်ခြင်း၊ လူသတ်ခြင်းနှင့်ပတ်သက်၍ ထုတ်ပြန်သော မေယုဒေသ – လူ့အခွင့်အရေးမှတ်တမ်းတင်ရေးစင်တာ (MHRDC) ၏ အစီရင်ခံစာ

ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ် မောင်နီရပ်ကွက်မှ အရပ်သားရိုဟင်ဂျာမိသားစုကိုးစုကို အာရက္ခတပ်တော် (AA) မှ အစအနဖျောက်ခြင်းအပါအဝင် လူအများအပြားသတ်ဖြတ်ခြင်းနှင့် ပတ်သက်သော လေ့လာတွေ့ရှိချက်များကို မေယုဒေသလူ့အခွင့်အရေးမှတ်တမ်းတင်ရေးစင်တာ (MHRDC) က ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည်။

ယင်းအစီရင်ခံစာတွင် ဖော်ပြထားသည့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများနှင့် ပတ်သက်၍ ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများကို MHRDC မှ ဖုန်းဖြင့် မေးမြန်းမှုများပြုလုပ်ကာ မှတ်တမ်းတင်ထားဖြစ်သည်ဟု ပါရှိသည်။

ယင်းအစီခံစာတွင် အာရက္ခတပ်တော် တပ်ဖွဲ့ဝင်များသည် ဩဂုတ်လ ၄ ရက်နေ့၊ နံနက် ၄ နာရီအချိန်တွင် ပန်းတောပြင်မှ မောင်နီကျေးရွာသို့ ဝင်ရောက်လာကာ မောင်နီရဲစခန်းကို တိုက်ခိုက်နေသည့် တချိန်တည်းတွင် မောင်နီရပ်ကွက်ရှိ ရိုဟင်ဂျာအိမ်အချို့ကို ဝန်းရံပိတ်ဆို့ခဲ့ပြီး ကလေးသူငယ်၊ သက်ကြီးရွယ်အို၊ အမျိုးသမီး မခွဲခြားဘဲ သတ်ဖြတ်ခဲ့ကြောင်း၊ အချို့သော အိမ်များကို RPG (ပခုံးထမ်းလောင်ချာ)များဖြင့် တိုက်ခိုက်ခဲ့၍ အိမ်ထဲတွင်ရှိနေသူအများစုမှာ သေဆုံးခဲ့ကြောင်း ဖော်ပြထားသည်။ ယင်းဖြစ်စဉ်တွင် မိသားစုကိုးစုမှ ရိုဟင်ဂျာ ၃၆ ဦး သေဆုံးခဲ့ရသည်ဟု အစီရင်ခံစာက ဆိုသည်။ ထိုဖြစ်စဉ်နှင့် ပတ်သက်၍ MHRDC မှ အာရက္ခတပ်တော်ထံသို့ စာပို့ကာတင်ပြခဲ့ပြီး ဖြေရှင်းချက် တောင်းဆိုခဲ့သော်လည်း အာရက္ခတပ်တော်မှ တုံ့ပြန်ခြင်းမရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

MHRDC ၏ လေ့လာချက်အရ မောင်တောမြို့အနီး အာရက္ခတပ်တော် စစ်ဆင်ရေးလုပ်ခဲ့သည့် ဇွန်လမှ ဩဂုတ်လ ၅ ရက်နေ့နှင့် ၆ ရက်နေ့အတွင်း အာရက္ခတပ်တော်နှင့် စစ်ကောင်စီတို့၏ ရိုဟင်ဂျာများကို ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထား တိုက်ခိုက်မှုကြောင့် အရပ်သားရိုဟင်ဂျာ အနည်းဆုံး ၅၀၀ သေဆုံးခဲ့ရကြောင်း သိရှိရသည်။

အဆိုပါဖြစ်စဉ်များနှင့်အတူ မောင်နီရပ်ကွက်ရှိ မိသားစုကိုးစုမှ ရိုဟင်ဂျာအရပ်သား ၃၆ ဦး သတ်ဖြတ်ခံရမှု အပါအဝင် အာရက္ခတပ်တော်(AA) ၏ အခြားသော အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများအား စုံစမ်းစစ်ဆေးရန်နှင့် ကျူးလွန်သူများကို ထိထိရောက်ရောက် အရေးယူပေးရန် နိုင်ငံတကာအသိုင်းအဝိုင်းကို MHRDC မှ အရေးပေါ် တောင်းဆိုထားသည်။

## ၂။ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) မှ ထုတ်ပြန်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုနှင့်ပတ်သက်သည့် တွေ့ရှိချက်များ

လူ့အခွင့်အရေးကောင်စီ၏ ဆုံးဖြတ်ချက် ၅၂/၃၁ အရ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေတို့ကို ချိုးဖောက်သည်ဟု စွပ်စွဲခံထားရသည့် မြန်မာနိုင်ငံရှိ လူ့အခွင့်အရေး အခြေအနေအလုံးစုံကို စောင့်ကြည့်စစ်ဆေးခြင်းနှင့် စိစစ်ခြင်းများအပေါ်အခြေခံသည့် တွေ့ရှိချက်များနှင့်ပတ်သက်၍ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး(OHCHR)က ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၄ ရက်တွင် အစီရင်ခံစာ တစောင်ထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးဆိုင်ရာပြဿနာများနှင့်ပတ်သက်၍ ၂၀၂၃ ခုနှစ် ဧပြီလ ၁ ရက်မှ စတင်ကာ ၂၀၂၄ ခုနှစ် ဇွန်လ ၃၀ ရက်အထိ OHCHR မှ စောင့်ကြည့်လေ့လာခြင်းနှင့် အတည်ပြုခြင်းများပြုလုပ်ပြီး အင်တာဗျူးပေါင်း ၃၃၆ ခု ပြုလုပ်ကာ အဖွဲ့အစည်း ၁၈ ဖွဲ့နှင့် ဆွေးနွေးတိုင်ပင်ခြင်း၊ ဂြိုဟ်တုဓာတ်ပုံများနှင့် စာရွက်စာတမ်းများကို ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း၊ စစ်တပ်နှင့် အခြားပါဝင်ပတ်သက်သူများ၏ ချိုးဖောက်မှုများနှင့်ပတ်သက်သည့် ယခင်အစီရင်ခံစာများကိုလည်း ကိုးကားပြုစုထားခြင်းဖြစ်ကြောင်း ရေးသားထားသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ စစ်တပ်၏အတင်းအကြပ်စစ်မှုထမ်းခိုင်းခြင်း၊ သတ်ဖြတ်ခြင်း၊ ဖမ်းဆီးခြင်းနှင့် အိုးအိမ်စွန့်ခွာ ထွက်ပြေးကြရခြင်းတို့ကြောင့် မြန်မာနိုင်ငံတဝန်းတွင် လူပေါင်းသုံးသန်းကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး ၁၈.၆ သန်းမှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လိုအပ်လျက်ရှိကြောင်း ယင်းအစီရင်ခံစာတွင် ဖော်ပြထားသည်။ စစ်ရေးအရတုံ့ပြန်မှုများကြောင့် ကျောင်းများ၊ ဆေးရုံများနှင့် ဘာသာရေးအဆောက်အဦများ ပျက်စီးခဲ့ရာ ပညာရေးအဆောက်အဦး ၂၃၉ လုံးနှင့် ဘာသာရေးအဆောက်အဦး ၂၂၆ လုံး တိုက်ခိုက်ခံခဲ့ရသည်။ ယင်းအပြင် ကျန်းမာရေးဝန်ဆောင်မှု ဌာန/အဆောက်အဦး/ယာဉ်စသဖြင့် ပြင်းထန်စွာထိခိုက်ခဲ့ပြီး ဆေးဘက်ဆိုင်ရာဝန်ထမ်း ၁၆၈ ဦးမှာ သေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်း၊ ဖမ်းဆီးခံရခြင်းနှင့် ပြန်ပေးဆွဲခြင်းခံခဲ့ရကြောင်း ဖော်ပြထားသည်။

၂၀၂၄ ခုနှစ် ဇွန်လတွင် ထုတ်ပြန်သည့် စာရင်းအရ အနည်းဆုံး အရပ်သား ၅,၃၅၀ ဦး သေဆုံးခဲ့ပြီး ဖမ်းဆီးချုပ်နှောင်ခံထားရစဉ် သေဆုံးခဲ့သည့် လူပေါင်း ၁,၈၅၃ ဦးအနက် ၂၅၈ ဦးသည် စစ်တပ်၏ စစ်ကြောရေးစခန်းများ၊ ရဲစခန်းများနှင့် အကျဉ်းထောင်များကဲ့သို့သော တရားဝင်အချုပ်ခန်းများတွင် သေဆုံးခဲ့ရခြင်းဖြစ်သည်။ စစ်တပ်နှင့် လက်အောက်ခံတပ်ဖွဲ့များ၏ ဖမ်းဆီးခြင်းခံရပြီးနောက် သေဆုံးသူ ၇၅၉ ဦးရှိပြီး ထိုကဲ့သို့ သေဆုံးသူများတွင် အမျိုးသမီး ၅၈ ဦး၊ လူငယ်အမျိုးသား ၃၁ ဦးနှင့် လူငယ်အမျိုးသမီးနှစ်ဦးတို့ ပါဝင်သည်။ လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးတိုက်ခိုက်မှုများကြောင့် အရပ်သားသေဆုံးမှု သိသိသာသာတိုးလာနေပြီး လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးသူ ၆၁၃ ဦးနှင့် လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် သေဆုံးသူ ၆၃၇ ဦး ရှိသည်ဟုလည်း အစီရင်ခံစာက ဖော်ပြထားသည်။

အမျိုးသား၊ အမျိုးသမီးများနှင့် LGBTQI+ များအပါအဝင် အကျဉ်းသားများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုများကို အကျဉ်းထောင်အာဏာပိုင်များက ပုံမှန်ကျူးလွန်နေကြောင်းနှင့် ဤသို့သော အကြမ်းဖက်မှုများသည် တရားဝင်ထိန်းသိမ်းရေးစခန်းများတွင် စစ်ဆေးမေးမြန်းမှုများအတွင်း စစ်ဆေးမေးမြန်းသူများကို ၎င်းတို့အလိုရှိသော အချက်အလက်များကိုမပေးသည့်အတွက် အပြစ်ဒဏ်ပေးသည့်ပုံစံအဖြစ် မကြာခဏ လုပ်ဆောင်လေ့ရှိကြောင်း တင်ပြထားသည်။

လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများနှင့် သတင်းထောက်များအပါအဝင် လူငယ်များသည် ရေရှည်စိတ်ကျန်းမာရေးနှင့်စပ်လျဉ်းသည့် လုပ်ဆောင်ချက်များကို မြှင့်တင်ရန်နှင့် စိတ်ကျန်းမာရေးပံ့ပိုးပေးသည့် လုပ်ဆောင်မှုများတွင် အဓိကထား ဆောင်ရွက်သင့်သည်ဟု အစီရင်ခံစာက ထောက်ပြထားသည်။ အမျိုးသားညီညွတ်ရေးအစိုးရသည် စစ်တပ်၏ချိုးဖောက်မှုများကို မှတ်တမ်းတင်ပြီး စိတ်ကျန်းမာရေးအထောက်အပံ့များ ပိုမိုထောက်ပံ့ပေးနိုင်ရန်နှင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် တာဝန်ရှိသူများကို တာဝန်ခံမှုရှိစေရန် ဆက်လက်တောင်းဆိုရမည်ဖြစ်ပြီး၊ စိတ်ကျန်းမာရေးမြှင့်တင်မှုအစီအစဉ်များတွင်လည်း ကူညီပံ့ပိုးပေးရန်အတွက်လည်း အစီရင်ခံစာက တောင်းဆိုထားသည်။

## ၃။ အိန္ဒိယနိုင်ငံတွင် ဖမ်းဆီးထိန်းသိမ်းခံထားရသော မြန်မာစစ်ပြေးဒုက္ခသည်များ၏ အခြေအနေ နှင့် ပတ်သက်သောအစီရင်ခံစာ

အိန္ဒိယနိုင်ငံတွင် ဖမ်းဆီးထိန်းသိမ်းခံထားရသော မြန်မာစစ်ပြေးဒုက္ခသည်များ၏ အခြေအနေများနှင့် ပတ်သက်၍ India For Myanmar မှ ၂၀၂၄ ခုနှစ် စက်တင်ဘာတွင် အစီရင်ခံစာတစ်စောင် ထုတ်ပြန်ခဲ့သည်။

ဤအစီရင်ခံစာကို ပြည်တွင်းပြည်ပ သတင်းအစီရင်ခံချက်များ၊ ဆောင်းပါးများ၊ သုံးသပ်ချက်များ၊ အိန္ဒိယအစိုးရ၏ တရားဝင်ထုတ်ပြန်ချက်များနှင့် ဖမ်းဆီးထိန်းသိမ်းခံရသည့် ဒုက္ခသည်များ၊ ၎င်းတို့၏ မိသားစုဝင်များနှင့် ၎င်းတို့ရှေ့နေများ၏ ထွက်ဆိုချက်များအပါအဝင် India for Myanmar မှ သက်ဆိုင်ရာ တာဝန်ရှိသူများကိုယ်တိုင် ပါဝင်ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများနှင့် ဖမ်းဆီးထိန်းသိမ်းခံထားရသော မြန်မာဒုက္ခသည်များကိုကူညီရာတွင် သွယ်ဝိုက်ပါဝင်ပတ်သက်သူများနှင့် တွေ့ဆုံဆွေးနွေးချက်များ အပြင် India for Myanmar ၏ သုံးနှစ်တာပြုစုခဲ့သော အချက်အလက်များအား ပေါင်းစပ် ရေးသားပြုစုထားခြင်းဖြစ်ကြောင်း တင်ပြထားသည်။

အိန္ဒိယနိုင်ငံ၊ မဏိပူရ်ပြည်နယ်နှင့် အာသံပြည်နယ်တို့တွင် ဖမ်းဆီးခံရသူ ကျား ၁၄၆ ဦးနှင့် မ ၁၀၄ ဦး၊ စုစုပေါင်း ၂၅၀ ရှိသည်ဟု အစီရင်ခံစာအရသိရှိရသည်။ ထိုကဲ့သို့ ဖမ်းဆီးခံရသူ ၂၅၀ တွင် ခုနစ်ဦးမှာ အာဏာသိမ်းမှုမတိုင်ခင်က ဖမ်းဆီးခံရသူများဖြစ်ပြီး ဖမ်းဆီးခံရသူများအနက်မှ ၇၇ ဦးကို မြန်မာစစ်ကောင်စီထံသို့ ပြန်ပို့ခံခဲ့ရသည်ဟု ဖော်ပြထားသည်။ ဖမ်းဆီးခံထားရသူများတွင် အသက် ၁၅ နှစ်အောက် ကလေးသူငယ် ၂၆ ဦး လည်းအပါအဝင်ဖြစ်ပြီး အသက် ၅၀ နှင့်အထက် သက်ကြီးပိုင်း ၂၈ ဦး ပါဝင်သည်ဟု သိရှိရသည်။

ယင်းအစီရင်ခံစာတွင် စစ်ဘေးကြောင့် ဖမ်းဆီးခံရလျက်ရှိသော ကလေးငယ်များနှင့် မိခင်များ၏အခြေအနေ၊ ကျောင်းသားလူငယ်များ၏ ကြုံတွေ့ရသော အခက်အခဲများအခြေအနေ၊ အမျိုးသမီးများ၏အခြေအနေနှင့် အသက် ၅၀ အထက်လူကြီးများ ဖမ်းဆီးခံရစဉ် ကြုံတွေ့ရလျက်ရှိသော အခက်အခဲအခြေအနေများနှင့် မိသားစုဝင်များမှ အဓိကအားထားရသော ဖမ်းဆီးခံရသူများ၏အခြေအနေတို့နှင့် ပြင်ပတွင်ကျန်ခဲ့သော မိသားစုဝင်များ၏အခြေအနေတို့ကို သုံးသပ်တင်ပြထားသည်။

အစီရင်ခံစာ၏ အကြံပြုမှုအပိုင်းတွင် အိန္ဒိယအစိုးရထံ တောင်းဆိုအကြံပြုချက်၊ UNHCR နှင့် နိုင်ငံတကာအဖွဲ့အစည်းများထံ တောင်းဆိုအကြံပြုချက်နှင့် မြန်မာနိုင်ငံတော်လှန်ရေး ဦးဆောင်အင်အားစုများထံ အကြံပြုချက်များဟူ၍ သုံးပိုင်းခွဲခြားဖော်ပြကာ မူဝါဒပိုင်းဆိုင်ရာနှင့် ခိုလှုံခွင့်များရရှိရန်အတွက် တိုက်တွန်းတောင်းဆိုချက်များပါဝင်သည်။

## ၄။ ကရင်နီပြည်လူငယ်များသမဂ္ဂမှ ထုတ်ပြန်သည့် ကရင်နီပြည်တွင် ၂၀၂၄ ခုနှစ်အတွင်း ဖြစ်ပွားလျက်ရှိသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်သည့် အစီရင်ခံစာ

ကရင်နီပြည်တွင် ၂၀၂၄ ခုနှစ်အတွင်း ဖြစ်ပွားသော လူ့အခွင့်အရေးချိုးဖောက်မှုများဆိုင်ရာ အစီရင်ခံစာတစောင်ကို ၂၀၂၄ စက်တင်ဘာ ၁၃ ရက်နေ့တွင် ကရင်နီပြည်လူငယ်များသမဂ္ဂက ထုတ်ပြန်ခဲ့သည်။

အဆိုပါ အစီရင်ခံစာသည် ကရင်နီပြည်အတွင်း ဖြစ်ပွားလျက်ရှိသော လူ့အခွင့်အရေးဆိုင်ရာ ချိုးဖောက်မှုများကို ကရင်နီပြည်လူငယ်များသမဂ္ဂက စောင့်ကြည့်မှတ်တမ်းတင်ကာ သက်ဆိုင်သည့် ဒေသခံကျူးလွန်သူများကို မေးမြန်းမှုပြုလုပ်ပြီး ထုတ်ပြန်ခြင်း ဖြစ်သည်။

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ကရင်နီပြည်၊ ဒီးမော့ဆိုမြို့နယ် ဒေါဆီးအီကျေးရွာရှိ အလယ်တန်းကျောင်းကို စစ်ကောင်စီက ဗုံးကြဲတိုက်ခိုက်ခဲ့ရာ ကလေးလေးဦးသေဆုံးပြီး အခြား ၁၀ ဦး ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ကြောင်း ဖော်ပြထားသည်။

ယင်းအစီရင်ခံစာတွင် ဆေးရုံ၊ စာသင်ကျောင်းနှင့် ပြည်သူလူထုများနေထိုင်သည့် နေရာများသို့ စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများနှင့် ကျူးလွန်သူစစ်တပ်အပေါ် ဒေသခံတို့၏ အမြင်များ၊ ကြားကာလအစိုးရနှင့် ပြည်နယ်အစိုးရ အုပ်ချုပ်မှုအပေါ် လူထု၏တောင်းဆိုချက်အသံများ၊ အရပ်ဘက်အဖွဲ့အစည်းများအပေါ် ပြည်သူတို့၏အမြင်များ စသည်တို့ကို အဓိကထား ထည့်သွင်းဖော်ပြထားသည်။

အကြံပြုချက်များအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်ခံရသူများအတွက် အသွင်ကူးပြောင်းရေးကာလတွင် ဆုံးရှုံးခဲ့ကြသော အခွင့်အရေးများ၊ သိက္ခာများ ပြန်လည်မြှင့်တင်ပေးရန်နှင့် တရားမျှတမှုဖော်ဆောင်ပေးရန်အတွက် အဓိကထားတောင်းဆိုသည်ကို ယင်းအစီရင်ခံစာအရ သိရှိရသည်။

## ၅။ ကရင်နီပြည် စစ်ဘေးရှောင် IDP များ၏ သတင်းအချက်အလက် ရယူခြင်းဆိုင်ရာ လိုအပ်ချက်များနှင့် စပ်လျဉ်းသော အစီရင်ခံစာ

ကရင်နီပြည်ရှိ စစ်ဘေးရှောင် IDP များ၏ သတင်းအချက်အလက် ရယူခြင်းဆိုင်ရာ လိုအပ်ချက်များနှင့် စပ်လျဉ်းသော IN-FORMATION ECOSYSTEM ASSESSMENT (IEA) အစီရင်ခံစာတစောင်အား USAID မှ ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် ထုတ်ပြန်ခဲ့သည်။

ယင်းအစီရင်ခံစာတွင် အရေအတွက်အခြေပြုသုတေသနနည်းနာနှင့် အရည်အသွေးအခြေပြုသုတေသနည်းနာ နှစ်မျိုးလုံးကို ပေါင်းစပ်သုံးစွဲထားပြီး Kantarawaddy Times နှင့် Karenni Human Rights Group (KnHRG) တို့မှ အချက်အလက်ကောက်ယူခြင်းအတွက် အဓိက တာဝန်ယူလုပ်ဆောင်ခဲ့သည်။ အရေအတွက် အခြေပြုသုတေသနအတွက် ကရင်နီပြည် ဒီမောဆို၊ ဖရူဆို၊ လွိုင်ကော်အရှေ့၊ ရှားတော၊ မယ်စဲ့၊ မယ့်ဟောင်ဆောင် ဒေသအတွင်းရှိ IDPs (၂၀၁) ဦးအား တဦးချင်းတွေ့ဆုံမေးမြန်းမှု ပြုလုပ်ခဲ့ပြီး ဖြေဆိုသူဦးရေ၏ထက်ဝက်မှာ အမျိုးသမီးဖြေဆိုသူများဖြစ်သည်ဟု သုတေသနနည်းနာတွင် ဖော်ပြထားသည်။ အရည်အသွေးအခြေပြုသုတေသနနည်းနာအတွက် ဒီးမောဆို၊ ဖရူဆိုနှင့် လွိုင်ကော်အရှေ့မှ ဒေသခံ ၃၈ ဦး ကို ဦးတည်အုပ်စုဆွေးနွေးပွဲ ခြောက်ပွဲ ပြုလုပ်ကာ အချက်အလက်ကောက်ယူခဲ့ခြင်းဖြစ်သည်။

ကရင်နီပြည်ရှိ IDP များသည် ကျန်းမာရေး၊ လုံခြုံရေးနှင့် ပညာရေး အသီးသီးအတွက် လက်တွေ့ကျသော သတင်းအချက်အလက်များကို ဦးစားပေးအနေဖြင့် လိုအပ်လျက်ရှိသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

IDP စခန်းများရှိ အမျိုးသားမိသားစုဝင် မရှိသော အမျိုးသမီးများသည် ဘေးကင်းလုံခြုံရေး၊ အလုပ်အကိုင် အကာန့်အသတ်နှင့် အကြမ်းဖက်ခံရမှုများအတွက် စိုးရိမ်မှုများရှိနေရသည် ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ အထူးသဖြင့် အမျိုးသားမိသားစုဝင်များသည် လက်နက်ကိုင်အဖွဲ့များ၌ ပါဝင်လာသောအခါတွင် အမျိုးသမီးများက အိမ်ထောင်နှင့်စီးပွားရေးနှစ်ခုလုံး၏ ဝန်ထုပ်ဝန်ပိုးကို ထမ်းဆောင်ကြရကြောင်း ရေးသားထားသည်။

မီဒီယာများသည် ကရင်နီပြည်ရှိ IDP များအတွက် အာဏာပိုင်များ၊ အကူအညီပေးရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်ကာ လုံခြုံရေးနှင့် အကူအညီဆိုင်ရာ အရေးကြီးသော အချက်အလက်များကို ပေးဆောင်နိုင်ရန် အရေးကြီးကြောင်း၊ Kan-tara-waddy Times သည် ၎င်း၏လက်လှမ်းမီမှုကို ချဲ့ထွင်ပြီး IDP အသိုင်းအဝိုင်းနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံ ပံ့ပိုးသင့်ကြောင်း၊ ပြည်တွင်းမီဒီယာများ၊ CSO များ၊ အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် အမျိုးသမီးများ၏ လိုအပ်ချက်များကို အဓိကထား၍ ကျန်းမာရေးနှင့် ဘေးကင်းရေးဆိုင်ရာ update များအပါအဝင် ယုံကြည်စိတ်ချရသော သတင်းများ ထုတ်လွှင့်ရာတွင် ကူညီပေးနိုင်ပါကြောင်း အစီရင်ခံစာတွင် ရေးသားထားသည်။

# ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း လေ့လာတွေ့ရှိရသော လူ့အခွင့်အရေးဆိုင်ရာ သတင်းမှတ်တမ်းဖော်ပြချက်များ

## ၁။ စစ်မှုထမ်းဥပဒေတွင် အသက်အရွယ်ဖော်ပြချက်အရ အကျုံးဝင်သည့် အမျိုးသားများကို နယ်စပ်မှ ပြည်ပထွက်ခွာခွင့် ပိတ်ပင်ခြင်း

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့ သတင်းမီဒီယာဖော်ပြချက်များအရ တနင်္သာရီတိုင်း၊ ကော့သောင်းမြို့နယ်ရှိ နယ်စပ်ဂိတ်မှ ထိုင်းနိုင်ငံအတွင်းသို့ ဖြတ်သန်းသွားလာခွင့် ပိတ်ပင်လိုက်ကြောင်း သိရှိရသည်။ ဤသတင်းတင်ပြချက်ကို Myanmar Now၊ DVB နှင့် ဧရာဝတီသတင်းဌာနများ၏ မီဒီယာ ဖော်ပြချက်များမှတဆင့် တွေ့ရှိရပြီး ဆိုရှယ်မီဒီယာတွင်လည်း ပျံ့နှံ့လျက်ရှိသည်။

စက်တင်ဘာ၂ ရက်နေ့၊ မနက်ပိုင်းတွင် တနင်္သာရီတိုင်း၊ ကော့သောင်းမြို့နယ်၊ ကော့သောင်း-ရနောင်း နယ်စပ်ဂိတ်မှ ထိုင်းနိုင်ငံအတွင်းသို့ သွားရောက်မည့် အသက် ၁၈နှစ်မှ ၃၅နှစ်အောက် အမျိုးသားများကို ဖြတ်သန်းသွားလာခွင့် ကန့်သတ်ခဲ့ပြီး၊ ၂ နှစ်သက်တမ်းရှိ အပြာရောင် နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် ကိုင်ဆောင်ခွင့်ရထားသည့် ကော့သောင်းမှတ်ပုံတင် ကိုင်ဆောင်ထားသော အမျိုးသားများကိုသာ နယ်စပ်ဖြတ်ကျော်ခွင့်ပေးထားသည်။ ထိုကန့်သတ်မှုအကြောင်းကို သတင်းဌာနေဖာ်ပြချက်များတွင်သာမက ဆိုရှယ်မီဒီယာတွင်ပါ ပျံ့နှံ့သွားသည်။ ကမ်းကူးခွင့် ပိတ်ပင်သည့်နေ့တွင်ပင် နေ့ချင်းပြန် အလုပ်လုပ်သူများ ရာနှင့်ချီအခက်အခဲ ဖြစ်ခဲ့ရသည်။

စစ်မှုထမ်းအသက်အရွယ် အမျိုးသားများအပေါ် ယခုကဲ့သို့ နယ်စပ်မှ ဖြတ်သန်းသွားလာခွင့် ကန့်သတ်မှုကြောင့် လူအများ အပြားစိုးရိမ်ပူပန်မှုမြင့်တက်ခဲ့ပြီးစက်တင်ဘာလ ၃ရက်နေ့တွင် ကန့်သတ်မှုကို ပြန်လည်ဖြေလျှော့ခဲ့သည်။

## ၂။ စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ်၊ ကြွယ်ပုံရွာအနီး တိုက်ခိုက်မှုအတွင်း အရပ်သားအမျိုးသမီးများ သေဆုံးမှု

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း သတင်းမီဒီယာမှတ်တမ်းများတွင် စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ် အတွင်းရှိ အရပ်သားပြည်သူများအား ပစ်ခတ်သေဆုံးမှုနှင့် ပတ်သက်၍ ရေးသားတင်ပြချက်များကို လေ့လာတွေ့ရှိရသည်။ ဤဖြစ်စဉ်ကို Myanmar Now၊ BBC၊ RFA နှင့် VOA သတင်းဌာနများတွင် အဓိက ဖော်ပြထားသည်။

စက်တင်ဘာလ ၁၇ ရက် မနက်ပိုင်းတွင် စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ်၊ ကြွယ်ပုံကျေးရွာမှထွက်လာသော မော်တော်ယာဉ် ပစ်ခတ်တိုက်ခိုက်ခံရမှုကြောင့် ဒေသခံအမျိုးသမီး ၁၂ ဦး သေဆုံးခဲ့ပြီး အမျိုးသားသုံးဦး ဒဏ်ရာရရှိခဲ့သည်ဟု သတင်းများတွင် ဖော်ပြထားသည်။ သတင်းဌာနများ၏ဖော်ပြချက်များတွင် အမျိုးသားများမှာ ပြည်သူ့စစ် (ခေါ်) ပျူစောထီး တပ်ဖွဲ့ဝင်များဖြစ်ပြီး လက်နက်များလည်းပါရှိသည်ဟု ရေးသားဖော်ပြထားသော သတင်းများရှိသကဲ့သို့ စစ်ကောင်စီ၏ သတင်းစာများတွင် PDF များက ပြည်သူများကို အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်သည်ဟု ကွဲလွဲဖော်ပြထားသည်များကို တွေ့ရှိရသည်။

စစ်တပ်မှ အာဏာသိမ်းယူခဲ့သော ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ယခု ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအထိ စစ်ကောင်စီတပ်များ၊ ပြည်သူ့စစ် (ခေါ်) ပျူစောထီးများနှင့် ခုခံတော်လှန်ကြသော ဒေသကာကွယ်ရေးတပ်ဖွဲ့ဝင်များအကြား ပစ်ခတ်မှုများတွင် အရပ်သားသေဆုံးမှု အများအပြားရှိခဲ့ပြီး ဤဖြစ်စဉ်မှာလည်း တခုအပါအဝင်ပင်ဖြစ်သည်။

## ၃။ သဘာဝဘေးနှင့် ကြုံတွေ့နေရချိန်တွင် အကူအညီပေးရေးထက် သန်းခေါင်စာရင်းကောက်ခံရေးကိုသာ ဦးစားပေးနေသော စစ်ကောင်စီ

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း နိုင်ငံအနှံ့အပြား ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး အသက်၊ အိုးအိမ်စည်းစိမ်များစွာ ဆုံးရှုံးခဲ့သော်လည်း စစ်ကောင်စီမှာ လိုအပ်သောအကူအညီများ ပေးရေးထက် သန်းခေါင်စာရင်းကောက်ခံရန်သာ အာရုံစိုက်လျက်ရှိကြောင်း မီဒီယာမှတ်တမ်းများအရတွေ့ရသည်။

စက်တင်ဘာလတွင် မြန်မာနိုင်ငံနေရာအနှံ့အပြား၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး အလယ်ပိုင်းနှင့်အထက်ပိုင်းရှိ ဒေသများတွင် ရေဘေးဒဏ်နှင့်ကြုံတွေ့နေရသည်။ ပဲခူးတိုင်း၊ မကွေးတိုင်း၊ ဧရာဝတီတိုင်း၊ မန္တလေးတိုင်း၊ နေပြည်တော်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကရင်နီပြည်နယ်များတွင် သဘာဝဘေးအန္တရာယ်ကို အဓိကရင်ဆိုင်နေရပြီး နေအိမ်များပျက်စီးဆုံးရှုံးခြင်းသာမက လူပေါင်းများစွာ အသက်သေဆုံးခဲ့ရသည်။ စစ်ဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်ကြားတွင် လူဦးရေသိန်းနှင့်ချီ အခက်အခဲကြုံတွေ့နေရသော်လည်း စစ်ကောင်စီသည် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးထက် သန်းခေါင်စာရင်းကောက်ယူရေး စီမံချက်ကိုသာ ဦးစားပေးဆောက်ရွက်နေသည်။ စစ်ကောင်စီ၏ သတင်းမီဒီယာများတွင်လည်း သန်းကောင်စာရင်းကောက်ယူရမည့်ရက်ကိုသာ ရေတွက်ဖော်ပြနေပြီး ရပ်ရွာများတွင် ရေဘေးကယ်ဆယ်ရေးစခန်းများမှ ဒုက္ခသည်များကို သန်းခေါင်စာရင်းကောက်ယူရက်မတိုင်မီ နေ့ရက်ပြန်လည်ရောက်ရှိရန်ကိုသာ ညွှန်ကြားထားသည်။

ယခုကဲ့သို့ နိုင်ငံသားများအပေါ် လူသားချင်းစာနာထောက်မှု အကူအညီများပေးရမည့်အချိန်တွင် သန်းခေါင်စာရင်းကောက်ခံရေးကိုသာ ဦးစားပေးနေခြင်းသည် အာဏာတည်မြဲရေးသာ အဓိကထားသော စစ်ကောင်၏သဘောထားကို မီးမောင်းထိုးပြသကဲ့သို့ဖြစ်နေသည်။

## ၄။ စစ်ကောင်စီ၏ အရှိန်မြှင့်တင်လာသော လေကြောင်းတိုက်ခိုက်မှု

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း စစ်ကောင်စီဘက်မှ တနိုင်ငံလုံး နေရာအနှံ့အပြား လေကြောင်းတိုက်ခိုက်မှု အရှိန်မြှင့်တင်လာပြီးနောက် ထိခိုက်သေဆုံးမှု ပိုမိုများပြားလာသည်။ ဤဖြစ်စဉ်နှင့် ပတ်သက်ပြီး Myanmar Now၊ VOA နှင့် BBC သတင်းဌာနများတွင် ရေးသားဖော်ပြထားသည်ကို သတင်းမီဒီယာဖော်ပြချက်များအရ လေ့လာသိရှိရသည်။

တိုင်းစစ်ဌာနချုပ်တခုကို လက်လွှတ်ဆုံးရှုံးထားရပြီးနောက် ၎င်းတို့လက်လွှတ်လိုက်ရသော နယ်မြေများကို ပြန်လည်ရရှိရန် လက်နက်ကိုင်တော်လှန်မှု အားကောင်းသောဒေသများကို လေကြောင်းတိုက်ခိုက်မှု ပိုမိုလုပ်ဆောင်လာခဲ့သည်။ စစ်ခေါင်ဆောင်၏ ပြင်းပြင်းထန်ထန်တုံ့ပြန်မည်ဖြစ်ကြောင်း ပြောကြားချက်အပြီး ယခုကဲ့သို့ လေကြောင်းတိုက်ခိုက်မှု အရှိန်မြှင့်တင်လာရာ စက်တင်ဘာလအတွင်းအရပ်သား ၉၃ ဦးထက်မနည်း သေဆုံးပြီး၊ သေဆုံးသူများအနက် ကလေးသူငယ်

များလည်း ပါဝင်သည်။ တအာင်းတပ် (TNLA) အုပ်ချုပ်သော မြို့များ၊ ကိုးကန့်တပ် (MNDAA) သိမ်းပိုက်ထားသော ရှမ်းပြည်မြောက်ပိုင်းလားရှိုးမြို့နှင့် အနီးဝန်းကျင်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်တောင်ပိုင်း ဖယ်ခုံ၊ ကရင်နီဒေသ ဒီးမော့ဆိုနှင့် ရခိုင်ပြည်နယ်ဒေသအချို့တွင် လေကြောင်းတိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ပြီး တလအတွင်း လေကြောင်းတိုက်ခိုက်မှု အကြိမ် ၅၀ ကျော်အထိ ရှိကြောင်း မီဒီယာမှတ်တမ်းများအရ သိရှိရသည်။

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်ပိုင်း ကြီးထွားလာသော လက်နက်ကိုင်ပဋိပက္ခများတွင် တနေ့တခြား နယ်မြေဆုံးရှုံးမှု များပြားလာသော စစ်ကောင်စီသည် ပြန်လည်ခုခံကာကွယ်ရန်ခက်ခဲသော လေကြောင်းတိုက်ခိုက်မှုကို အသုံးပြုကာ ပြင်းပြင်းထန်ထန် တုံ့ပြန်လျက်ရှိသည်။